# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၇၂)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၆-၉-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၅

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ယနေ့ နံနက်ပိုင်းတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က အမျိုးသားလွှတ်တော် (National Assembly Building) ရှေ့ရင်ပြင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

**ဂုဏ်ပြုကြိုဆို**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းနှင့်ဇနီးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

စာမျက်နှာ ၃ သို့ ✫

**ယနေ့ ဖတ်စရာ အညွှန်း**

**ရင်းနှီးချစ်ခင် အောင်ပန်းဆင်ဦးမည်**

စာမျက်နှာ ၁၀

**ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား တွေ့ဆုံအားပေး**

စာမျက်နှာ ၁၄

**ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ ၁၄

## နေပြည်တော်ရေပန်းဥယျာဉ် အပိုင်း(၂)တွင် အဆင့်မြင့်တင်ဆောင်ရွက်ထားရှိပြီးဖြစ်သည့် ရေပန်းရုပ်ရှင် (3D Water Screen Laser Movie) ပြသလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

နေပြည်တော်ရေပန်းဥယျာဉ်ရှိ 3D Water Screen Laser Movie ကို အဆင့်မြှင့်တင်ရန်အတွက် High – End Projector(အဆင့်မြင့်ပရိုဂျက်တာ) စက်နှင့်အတူ i7 Main Server တစ်လုံးနှင့် RGB Laser Projector တစ်လုံးတို့ကို ပြည်ပမှ မှာယူ တင်သွင်း၍ RGB Laser Projector ဖြင့် 3D ရုပ်ပုံများကို အမြင်တစ်မျိုးဖြင့် ကြည့်ရှုခံစားနိုင်ရန် ဆောင်ရွက်ထားရှိပြီး အလင်းအား 50 W အထိ အသုံးပြုထားသည့် မြန်မာနိုင်ငံတွင် အလင်းအားအမြင့်ဆုံး Laser Projector အမျိုးအစားဖြစ်ကာ i7 Main Server မှာလည်း

စာမျက်နှာ ၉ သို့ ❖

## ကျောက်ဆည်မြို့နယ်၌ မိုးစပါး ၃၆၅၉၈ ဧက စိုက်ပျိုးပြီးဖြစ်



ကျောက်ဆည် စက်တင်ဘာ ၅

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါး ၅၂၈၁၇ ဧက လျာထားပြီး စိုက်ပျိုးလျက်ရှိရာ ၃၆၅၉၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

မိုးစပါးများ စိုက်ပျိုးရာတွင် စမာစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၆၇၄ ဧက၊ တမုတ် စိုက်ပျိုးရေး နည်းပညာပေး

စာမျက်နှာ ၉ သို့ ○

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၆ ရက်၊ တနင်္ဂနွေနေ့။
မန္တလေး

## စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်ဆောင်ရွက်လျက်ရှိ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ဟန့်ဖုန်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ အဓိကလုပ်ငန်းခွဲတစ်ခုဖြစ်သော Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏ မော်တော်ယာဉ်ထုတ်လုပ်မှုအခြေအနေများအား လာရောက်လေ့လာရခြင်းအတွက် ဝမ်းမြောက်မိပါကြောင်း၊ ကုမ္ပဏီ၏ ဆောင်ရွက်ချက်များအပေါ် လေ့လာမှုများအရသိရှိရပြီး ယခုရှင်းလင်းတင်ပြမှုများအရလည်း ပိုမိုသိရှိရသည့်အတွက် အောင်မြင်တိုးတက်မှုများအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် ယခုဗီယက်နမ်နိုင်ငံသို့ လာရောက်သည့်ခရီးစဉ်အတွင်း စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်ရည်ရွယ်ထားရှိပြီး Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများအပေါ် လေ့လာကြည့်ရှုသွားမည်ဖြစ်ကြောင်းနှင့် ယခုထက်ပိုမိုသော အောင်မြင်မှုများရရှိရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြန်လည်ပြောကြားပြီး Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအတွင်း လှည့်လည်၍ ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။ ဗီယက်နမ်နိုင်ငံ၏ ထင်ရှားသော မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၏ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ လုပ်ငန်းများအနက် တစ်ခုဖြစ်ပြီး လျှပ်စစ်မော်တော်ယာဉ်များနှင့် လျှပ်စစ်မော်တော်ဆိုင်ကယ်များကို အဓိကထုတ်လုပ်လျက်ရှိသည်။ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း Hai Phong မြို့ Cat Hai ဒေသတွင် တည်ဆောက်ထားပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် စက်ရုံတည်ဆောက်ရေးစတင်ခဲ့ကာ ၂၁ လအတွင်း တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်တွင် စက်ရုံဖွင့်လှစ်၍ မော်တော်ယာဉ်ထုတ်လုပ်မှုများကို စတင်ခဲ့သည်။ VinFast ၏ Hai Phong မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသည် ဧရိယာစတုရန်းမီတာ ၅၀၀၀၀၀ ကျော်ကျယ်ဝန်းပြီး မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ခေတ်မီနည်းပညာများ၊ အလိုအလျောက်စနစ်များနှင့် စက်ရုပ်နည်းပညာများအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။ စက်ရုံတွင် သတ္တုပုံဖော်ခြင်း၊ ကားကိုယ်ထည်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ အပြီးသတ်တပ်ဆင်ခြင်းနှင့် ဘက်ထရီထုတ်လုပ်ခြင်းစသည့် အဓိကလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်သည့် ထုတ်လုပ်ရေးဌာနများ ပါဝင်သည်။ ထို့အပြင် VinFast သည် လျှပ်စစ်မော်တော်ယာဉ်များအတွက် လိုအပ်သည့် ဘက်ထရီထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကဏ္ဍများကိုလည်း ပြည်တွင်း၌ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး မော်တော်ယာဉ်ထုတ်လုပ်မှုမှ လျှပ်စစ်ဘက်ထရီနှင့် နည်းပညာပိုင်းဆိုင်ရာကဏ္ဍများအထိ ချိတ်ဆက်တည်ဆောက်ထားခြင်းသည် VinFast ၏ လျှပ်စစ်မော်တော်ယာဉ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

VinFast သည် ဗီယက်နမ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် လျှပ်စစ်ယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ရာ စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် စက်ရုံနှစ်ရုံ၊ အင်ဒိုနီးရှားနိုင်ငံတွင် စက်ရုံတစ်ရုံ၊ အိန္ဒိယနိုင်ငံတွင် စက်ရုံတစ်ရုံတို့ဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ လည်ပတ်လျက်ရှိကာ နိုင်ငံတကာဈေးကွက်များသို့လည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျေးရွာကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ မိုင်ကုန်းကျေးရွာတွင် အများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ကျေးရွာသူ၊ ရွာသားများ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါကျေးရွာတွင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသည် အရှည်ပေ ၁၀၀၀၊ အကျယ်ပေ ၂၀ ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေမှာ ကျပ်သိန်း ၅၀၀ ခန့်ဖြစ်ကြောင်း ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီ တာဝန်ရှိသူထံမှ သိရပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ကျေးရွာလုံးကျွတ် ထမင်း၊ ဟင်းများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

ကွန်ကရစ်လမ်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ အဖွဲ့ဝင် ဦးကိုကိုလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရန်ရှင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မေဝတီ (ပုသိမ်ကြီး)**

## ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်ကျောင်းပေါင်းစုံ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ချယ်ရီစူပါစိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်နိုင်စွမ်းနှင့် မိမိတို့၏ အတွေးအခေါ်ကို ထိရောက်စွာ ပြန်လည်ထုတ်ဖော်ပြသနိုင်စွမ်း မြင့်မားလာစေရန်ရည်ရွယ်ပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ချမ်းမြသာစည်မြို့နယ် ကျောင်းပေါင်းစုံ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "ဆရာ့အမွေအမြဲတော" ခေါင်းစဉ်နှင့် ကဗျာပြိုင်ပွဲကို "ပန်းပျိုးလက်တို့စေတနာ" ခေါင်းစဉ်ဖြင့် လည်းကောင်း ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "ဆရာ့ရင်ခွင် ပန်းဥယျာဉ်" ခေါင်းစဉ်နှင့် ကဗျာပြိုင်ပွဲကို "ဆရာသခင် မီးအိမ်ရှင်" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူ ၂၉ ဦး၊ Grade -5 မှ Grade- 12 အထိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အဆင့်မြင့်ပညာနှင့်အခြေခံပညာ သင် ဆရာ၊ ဆရာမများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းအုပ်ကြီးများနှင့် အရာထမ်းများအတွက် ဆောင်းပါးပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(၀၆၉)

## မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေး

**မန္တလေး စက်တင်ဘာ ၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ အားကစားသင်တန်းသား၊ သင်တန်းသူများအား ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်းပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အားလပ်သည့် အချိန်များတွင် စာဖတ်ခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ ယင်းမိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်၌ သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ကို နှစ်ပတ်လျှင်တစ်ကြိမ် စာအုပ်၊ စာစောင်အသစ်များ အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမဲ့ ငှားရမ်းပေးခဲ့သည်။

ယင်းစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**အောင်ဖြိုးစင်(ခရိုင်ပြန်/ဆက်)**

## ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များအား စံမညီဆေးဝါးများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြင်းခြံခရိုင်စားသုံးသူရေးရာဦးစီးဌာနက စက်တင်ဘာ ၄ ရက်နံနက်ပိုင်းတွင် မြင်းခြံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ မြင်းခြံမြို့ရှိ ဆေးဆိုင်များအား အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ FDA အသိအမှတ်ပြုဆေးဝါးများ ရောင်းချရေးနှင့် စံမညီဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(၀၄၅)

## မြို့မစာကြည့်တိုက် ပန္နက်တင်မင်္ဂလာကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၅**

ပုသိမ်ကြီးမြို့၊ မြို့မရပ်ကွက်ရှိ မြို့မစာကြည့်တိုက် အသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ကျင်းပရာ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်း တက်ရောက်၍ ပန္နက်တင်ပေးသည်။



အခမ်းအနားသို့ မြို့မစာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီ နာယက ဦးထွန်းခင် (မာဃိန္ဒ-ပုသိမ်ကြီး)၊ ဥက္ကဋ္ဌ ဦးလှရွှေ၊ အတွင်းရေးမှူး ဦးညွန့်လှိုင်နှင့်အဖွဲ့ဝင်များ၊ စာရေးဆရာများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အဆိုပါ စာကြည့်တိုက်အလှူရှင်မှာ မန္တလေးမြို့နေ အာဦးစန်း၊ အမိဒေါ်ထွေးရင်တို့အား ရည်စူး၍ သားဖြစ်သူ ဦးသန်းဦး (နာရဏီ)မိသားစုက ငွေကျပ်သိန်း ၅၀၀ မတည်၍ အလျား ပေ ၅၀၊ အနံ ၂၄ ပေ တစ်ထပ်နံကပ်တိုက် ဆောက်လုပ်သွားမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။(ဓဲပုံ)

(၀၉၁)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် အလေးပြုခံစင်မြင့်ထက်တွင် တက်ရောက်နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့ကို ယှဉ်တွဲလမ်းလျှောက် စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးနှင့်ဇနီးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ ကိုယ်စားလှယ် အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြပြီး နိုင်ငံတော်သမ္မတနှစ်ဦးကို ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးနှင့်ဇနီးတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည့် အမျိုးသားလွှတ်တော်ခန်းမအတွင်းသို့ အတူတကွ လမ်းလျှောက် ထွက်ခွာကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်**

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် တွေ့ဆုံခဲ့ပြီးနောက် ယခုကဲ့သို့ သမ္မတကြီးနှင့် ပြန်လည်တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုစဉ်။

မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် မြန်မာအစိုးရနှင့် ပြည်သူများသည် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အုပ်ချုပ်ရေးယန္တရားခိုင်မာစေရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းဆက်ဆံမှုများ တိုးမြှင့်ခိုင်မာလာစေရေးတို့တွင် အရေးပါသော အကျိုးရလဒ်များ ရရှိလာခဲ့မှု အပေါ်တွင်လည်း ဂုဏ်ယူပါကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများအဆက်ဆက် ပျိုးထောင်ခဲ့ကြသည့် ချစ်ကြည်ရင်းနှီးမှုများနှင့် ကောင်းမွန်သည့် သမိုင်းဝင်ဆက်ဆံရေးများ ရှိကြပါကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ်၌ နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး (Comprehensive Cooperative Partnership) ကိုလည်း ထူထောင်နိုင်ခဲ့ပါကြောင်း၊ အရှေ့တောင်အာရှကုန်းတွင်းပိုင်း အိမ်နီးချင်းများအဖြစ်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်များအဖြစ် လည်းကောင်း တူညီသောအချက်များ ရှိကြသည့်အပြင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် သမိုင်းကြောင်းဆိုင်ရာများ အထူးသဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တူညီမှုများစွာ ရှိကြသဖြင့် အလွန်ရင်းနှီးကျွမ်းဝင်ကြပါကြောင်း။

မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၄ ခုနှစ်တွင် ဗီယက်နမ်သို့ လာရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ဥက္ကဋ္ဌ ဟိုချီမင်းသည် ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့ သွားရောက်ကာ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးခဲ့ပါကြောင်း၊ **အဆွေတော်သမ္မတကြီး၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည့် ခရီးစဉ်တစ်ခုဖြစ်ပြီး ရှေ့လာမည့်ကာလများအတွင်း ဗီယက်နမ်-မြန်မာ ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်စေရန် လက်တွေ့ကျသော အကျိုးရလဒ်များစွာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့်** ဦးစွာ နှုတ်ခွန်းဆက် ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြု အလေးပြုခြင်းကိုခံယူကြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည် ပြောကြားရာတွင် အဆွေတော်အနေဖြင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူ ဆောင်ရွက်နေမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျရောက်ခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ (၈၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယအတွက်လည်း အဆွေတော်နှင့် ဗီယက်နမ်ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုပြောကြားလိုပါကြောင်း၊ **ဗီယက်နမ် ပြည်သူများ၏ လွတ်လပ်ရေးနှင့် အမျိုးသား ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းခဲ့မှု၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း မိမိအနေဖြင့် အထူးလေးစားပါကြောင်း။**

မိမိအနေဖြင့် ဗီယက်နမ်ကို (၃) ကြိမ် လာရောက်ခဲ့ပြီး ယခုအကြိမ်သည် (၄)ကြိမ်မြောက် လာရောက်သည့် ခရီးစဉ်ဖြစ်ကာ မိမိနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ဗီယက်နမ်နိုင်ငံသို့ ပထမဆုံး ခရီးစဉ်လည်းဖြစ်ပါကြောင်း၊ ဗီယက်နမ်သို့လာရောက်သည့်အခါတိုင်း ဗီယက်နမ်နိုင်ငံ၏ သာယာလှပမှုနှင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို တွေ့မြင်ခံစားမိပါကြောင်း။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု သက်တမ်းအနေဖြင့် နှစ်(၅၀)ပြည့် ရွှေရတုတိုင်ခဲ့ပြီးဖြစ်ကာ ထိုကဲ့သို့ရှည်လျားသည့် သံတမန် ဆက်ဆံရေးကာလအတွင်း နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၌ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိရပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသား ခေါင်းဆောင်ကြီး ဟိုချီမင်းနှင့် မိမိတို့နိုင်ငံမှ ဝန်ကြီးချုပ်ဟောင်း ဦးနု၊ နိုင်ငံတော်သမ္မတဟောင်း ဦးနေဝင်း စသည့် ခေါင်းဆောင်များ လက်ထက်ကတည်းက ညီရင်းအစ်ကိုပမာ ရင်းနှီးချစ်ကြည်မှုရှိသည့် မိတ်ဆွေကောင်းများ ဖြစ်ကြကြောင်း၊ သမ္မတကြီး ဟိုချီမင်း၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ပြီး အဆိုပါခရီးစဉ်အတွင်း ရန်ကုန်တက္ကသိုလ်က သမ္မတဟိုချီမင်းကို ဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်နိုင်ခဲ့ကြောင်း။

၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး (Comprehensive Cooperative Partnership)သည် ၂၀၂၇ ခုနှစ်တွင် (၁၀)နှစ် ပြည့်မြောက်မည်ဖြစ်ပြီး (၁၀)နှစ်ပြည့် အထိမ်းအမှတ်ကို အမှတ်ရစေရန်၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြင့်မားခိုင်မာသည့် အဆင့်ကို တိုးမြှင့်နိုင်ရေးနှင့် လာမည့် ဆယ်စုနှစ်အတွက် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ရပ် ချမှတ်နိုင်ရေးအတွက်လည်း အတူတကွ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

မိမိတို့နှစ်နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ တူညီကြပြီး အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ရသည်ကို မိမိအနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ကြောင်း၊ **ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်ကြားမှ ယခုကဲ့သို့ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံတော်တစ်ခုကို တည်ဆောက်နိုင်ခဲ့မှုအတွက် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်အပေါ် လေးစားဂုဏ်ယူပါကြောင်းကို** ပြောကြားလိုပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုသည်လည်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်အတူ ကောင်းမွန်သောဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီနှင့် ပြည်သူများ အချင်းချင်း ဆက်ဆံရေးများ တိုးမြှင့်သွားလိုပါကြောင်း၊ မကြာမီက အမျိုးသားလွှတ်တော်တွင် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကာ ထိုကဲ့သို့ ချစ်ကြည်ရင်းနှီးရေးအသင်းများအကြား ဆက်သွယ်မှုနှင့် အပြန်အလှန်လေ့လာရေးခရီးစဉ်များ မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ၏ သဘောထား၊ လိုအပ်ချက်နှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုနားလည်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသာမက လူငယ်နှင့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်နိုင်ရေးကိုလည်း အားပေးလိုပါကြောင်း။

**လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေ ရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့် အစိုးရတို့ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။**

မိမိတို့နိုင်ငံ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း အတွေ့အကြုံများအရ နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် တစ်ချိန်က ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပြည်သူတို့တောင်းဆိုမှုအရ ပါတီစုံ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း၊ မိမိအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် အဆွေတော်တို့နှင့် ဘက်ပေါင်းစုံမှ အပြန်အလှန်လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားလိုကြောင်း၊ **မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့ကို ပေါင်းကူးဆက်သွယ်ပေးနိုင်သည့် အရေးပါသည့် ပထဝီအနေအထားတွင် တည်ရှိကြောင်း၊** အာရှအဝေးပြေး လမ်းမကြီးကွန်ရက်နှင့် အရှေ့-အနောက် စီးပွားရေးစင်္ကြံတို့ကို ထိရောက်စွာ အသုံးချပြီး တည်ငြိမ်လုံခြုံသည့် ဆက်သွယ်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရေး ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ **အထူးသဖြင့် မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေး လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လိုကြောင်း၊ မြန်မာ-လာအို-ဗီယက်နမ်၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊** မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအဝေးပြေး လမ်းမကြီးစီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိပြီး အဆိုပါလမ်းနှင့် ချိတ်ဆက်၍ ဗီယက်နမ်နိုင်ငံမှ လာအိုနှင့် မြန်မာနိုင်ငံမှတစ်ဆင့်အိန္ဒိယအပါအဝင်တောင်အာရှနှင့် အနောက်ဘက် ဈေးကွက်များသို့ ဝင်ရောက်နိုင်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း လာအိုနှင့် ဗီယက်နမ်မှတစ်ဆင့် အရှေ့အာရှ ဈေးကွက်များသို့ လွယ်ကူစွာ ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဘက်မျှပြီး ဟန်ချက်ညီသည့် ဆက်ဆံရေးကို တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် BIMSTEC၊ GMS၊ CLMV၊ ACMECS စသည့် ဒေသတွင်း အဖွဲ့အစည်းများတွင် တန်းတူကိုယ်စားပြုမှုနှင့် အပြည့်အဝ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများသည် လည်း အဆင့်သစ်တစ်ရပ်သို့ တိုးတက်ရောက်ရှိလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ သမ္မတက ယခုကဲ့သို့ သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံမှုများ တိုးမြှင့်နိုင်ရေးအပြင် နှစ်နိုင်ငံနှင့် ဒေသတွင်း အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးခဲ့သည့်အတွက် အဆွေတော်သမ္မတကြီး၏ အမြော်အမြင်ကြီးမားမှုကို တွေ့မြင်သိရှိရပါကြောင်း၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေးနှင့် အိန္ဒိယ-မြန်မာ-လာအို-ဗီယက်နမ် လမ်းကြောင်းတို့နှင့် ပတ်သက်၍ ဗီယက်နမ်နိုင်ငံအနေဖြင့် လေ့လာဆန်းစစ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နှစ်ပေါင်း ၄၀ အတွင်း ယခုကဲ့သို့ အောင်မြင်မှုများကို ရရှိခံစားနေရခြင်းဖြစ်ပါကြောင်း၊ **ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ရပ်ကို တက်လှမ်းနိုင်ရန် အသင့်ရှိနေပါကြောင်း၊** နှစ်နိုင်ငံအကြား နိုင်ငံရေးအရ ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှုမြှင့်တင်နိုင်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့်ထောက်ခံရပ်တည်သွားနိုင်ရေး စသည့်နယ်ပယ် ပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဗီယက်နမ်နိုင်ငံသို့ ခရီးစဉ်လာရောက်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆွေးနွေးမှု ရလဒ်ကောင်းများအရ ဗီယက်နမ်-မြန်မာ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ဆက်လက်ပြီး လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်လာမည်ဟု လေးလေးနက်နက် ယုံကြည်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည့်စုံကြွယ်ဝမှုများ အမြန်ဆုံး ရရှိနိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။ စာမျက်နှာ ၅ သို့ ☆


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ နှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ တွေ့ဆုံဆွေးနွေးစဉ်။


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက်စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လို**

★ **မြန်မာ-လာအို-ဗီယက်နမ်၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်းကုန်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် ယနေ့ မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံး Grand Hall ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိလာရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က အဆွေတော်သမ္မတကြီး ဦးဆောင်သည့် ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား နိုင်ငံရေးယုံကြည်မှုနှင့် ကဏ္ဍစုံမှ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းလာစေမည်ဖြစ်ပြီး ရှေ့ဆက်မည့်အနာဂတ်ကာလများတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘုံအကျိုးစီးပွား ဖြစ်ထွန်းမှုများကို အဆင့်သစ်တစ်ခုသို့ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခက်အခဲများကို စာနာနားလည်သဘောပေါက်ပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံမှုမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် ထောက်ခံအားပေးလျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အမြဲအလေးထားပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ အပါအဝင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင် အပြန်အလှန်ကူညီပေးခဲ့မှုများနှင့် အခက်အခဲများကြားမှ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ဆက်လက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး အားပေးကူညီပေးခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်ဆံမှုများ တိုးမြှင့်လာလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး အဆွေတော် သမ္မတကြီး၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ဧပြီလတွင် ကျင်းပခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ (၁၆) ကြိမ်မြောက် အမျိုးသားလွှတ်တော်တွင် အဆွေတော်အနေဖြင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခံရမှုအပေါ် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြပြီး နှစ်ဖက်ခေါင်းဆောင်များ အဆက်ဆက်အနေဖြင့်လည်း ခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့ကြကာ ချစ်ကြည်ရင်းနှီးပြီး ယုံကြည်ရသည့် ဆက်ဆံရေးကို အစဉ်အဆက် ထိန်းသိမ်းခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်မြှင့်တင်ခြင်း၊ အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်(JC)အပါအဝင် ရပ်ဆိုင်းလျက်ရှိသည့် နှစ်နိုင်ငံယန္တရားများကို ပြန်လည်စတင်ခြင်းတို့နှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် ပြန်လည်တိုးတက်လျက်ရှိကြောင်း၊ မိမိ၏ ယခုခရီးစဉ်သည်လည်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးတွင် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်း၏ ပြယုဂ်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်အတွင်း အဆွေတော်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုအချိန်သည် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အရေးကြီးသည့် နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်နေသည့်အချိန်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ဖော်ထုတ်ရန် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ရေး အကောင်းဆုံးအချိန် ဖြစ်ပါကြောင်း။

**ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍ၊ ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး**

မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်ကစပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်း၊ တံတားအဆင့်မြှင့်တင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစသည့်ကဏ္ဍများကို အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ရိုးရှင်းသည့်စည်းမျဉ်း စည်းကမ်းများဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒွိုင်မွိုင်း (Doi Moi) စီးပွားရေး ပြုပြင်ပြောင်းလဲမှု မူဝါဒကို နှစ်ပေါင်း ၄၀ ခန့် အကောင်အထည်ဖော်ပြီးနောက် ဗီယက်နမ်နိုင်ငံ၏စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် ဂုဏ်ယူပါကြောင်းနှင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်သည့် အတွေ့အကြုံများကိုလည်း မျှဝေပေးစေလိုပါကြောင်း။

ယခုကဲ့သို့ နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်းနှင့် ယနေ့တွေ့ဆုံမှုမှတစ်ဆင့် ရလဒ်ကောင်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်နှင့် နောင်အနာဂတ်တွင်လည်း လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်နိုင်မည့် အခြေအနေများ၊ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍ၊ ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မျှပြီး ဟန်ချက်ညီသည့် ဆက်ဆံရေးကို တည်ဆောက်သွားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံအပါအဝင် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံးမှ ပြန်လည်ထွက်ခွာရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

☆ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတတို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ စက်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများ၊ လူမှုရေးနှင့်အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းဆက်သွယ်မှုဆိုင်ရာများ၊ အွန်လိုင်း လိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် စက်တင်ဘာ ၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းနှင့် ယနေ့ နံနက်ပိုင်းတွင် ဗီယက်နမ် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်း တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ လွှတ်တော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဆက်ဆံရေး အပါအဝင် ကဏ္ဍစုံ၌ အပြုသဘောဆောင်သော ရလဒ်ကောင်းများ ဖော်ဆောင်လာနိုင်မှုနှင့် အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံမှ ကြိုးပမ်းနေမှုများ အပေါ် များစွာဂုဏ်ယူပါကြောင်း၊ အဆွေတော် သမ္မတကြီး၏ ယခုခရီးစဉ်သည် ဗီယက်နမ်နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန် မောင်းနှင်အား အသစ်တစ်ရပ် ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့ ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါကြောင်း၊ ဗီယက်နမ်-မြန်မာ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက် ဆက်ဆံရေးသည် ဆက်လက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးကာ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ ဥပဒေပြုရေးတွင် အရေးပါသည့် မဏ္ဍိုင်တစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဖြစ်သူ အဆွေတော်နှင့် တွေ့ဆုံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်းနှင့် အဆွေတော် အနေဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ်ပြန်လည်ရွေးကောက်ခံရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

၂၀၂၆ ခုနှစ် ဧပြီလတွင် ကျင်းပပြုလုပ်ခဲ့သည့် မိမိ၏ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားသို့ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ် စေလွှတ်တက်ရောက်ခဲ့သည့် အတွက်လည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံ ဥပဒေပြုရေးမဏ္ဍိုင်များ ဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အစိုးရအချင်းချင်း၊ တပ်မတော်အချင်းချင်း၊ ပါတီအချင်းချင်းနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေး သာမက ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားသည့်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံလုံးနှင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံတကာနှင့် အာဆီယံ မျက်နှာစာတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဗီယက်နမ်-မြန်မာ အချင်းချင်း အပြန်အလှန် ထားရှိသည့် ယုံကြည်မှုနှင့် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများအကြား နီးကပ်သည့် ဆက်သွယ်မှုများကြောင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများတွင်လည်း ပိုမိုတိုးတက်ခိုင်မာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နှင့် လွှတ်တော်ချင်း ဆက်ဆံရေးကို နှစ်နိုင်ငံဆက်ဆံရေး၏ အရေးကြီးသည့် နိုင်ငံရေး အခြေခံမဏ္ဍိုင်တစ်ခု ဖြစ်သည်ဟု ယုံကြည်ပြီး ပါတီအချင်းချင်း၊ လွှတ်တော်အချင်းချင်း အကြား ပူးပေါင်း ဆောင်ရွက်မှုများသည် နှစ်နိုင်ငံ ရှိရင်းစွဲဆက်ဆံရေး ပိုမိုမြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌများ အကြား အပြန်အလှန်ခရီးစဉ်များ အကောင်အထည်ဖော်ရေးကိုလည်း အားပေးလိုကြောင်း။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရသစ် ပေါ်ပေါက်လာပြီဖြစ်ပြီး လွှတ်တော်များလည်း ပြန်လည်စတင်နေပြီဖြစ်သည့်အတွက် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်၏ ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးစေလိုကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ခရီးလမ်း ခိုင်မာစေရေးအတွက် နိုင်ငံတော်နှင့်ကိုက်ညီသည့် ဒေသအခြေခံ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်လျက်ရှိရာ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော် အနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးကူညီပေးစေလိုကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ လွှတ်တော်ဆိုင်ရာ မျက်နှာစာများတွင် အပြန်အလှန်ပံ့ပိုးကူညီမှုများ ဆက်လက် ဆောင်ရွက်သွားနိုင်ရေးနှင့် အာဆီယံလွှတ်တော်များ အကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်နိုင်ရေးတို့အတွက် လွှတ်တော်နှစ်ရပ်အကြား နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ကျကျ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာစေကာ ဒေသတွင်း အကျိုးစီးပွား များကိုလည်း ဟန်ချက်ညီညီ ဆက်လက် ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာရာ ဗီယက်နမ်အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြု

နေပြည်တော် စက်တင်ဘာ ၅

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိအမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

**အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် အမျိုးသား သူရဲကောင်းများနှင့် အာဇာနည်များဗိမာန်သို့ ရောက်ရှိကြရာ ဗိမာန်စီမံခန့်ခွဲရေး ဘုတ်အဖွဲ့ဒါရိုက်တာနှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက လိုက်လံနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော် သမ္မတနှင့်ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် လွမ်းသူ့ပန်းခွေချမည့် နေရာ၌ နေရာယူကြသည်။

ထို့နောက် ဗီယက်နမ်ပြည်သူ့တပ်မတော်သားနှစ်ဦးက လွမ်းသူ့ပန်းခွေကို သယ်ဆောင် နေရာချထားပေးပြီး စစ်တီးဝိုင်းအဖွဲ့၏ အာဇာနည်များအတွက် ဂါရဝပြုတီးမှုတ်မှုနှင့်အတူ နိုင်ငံတော်သမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဗိမာန်စီမံခန့်ခွဲရေးဘုတ်အဖွဲ့ ဒါရိုက်တာနှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဟိုချီမင်းဂူဗိမာန်သို့ ဆက်လက် ထွက်ခွာကြပြီး ဟိုချီမင်းဂူဗိမာန်သို့ ရောက်ရှိကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဗိမာန်စီမံခန့်ခွဲရေး ဘုတ်အဖွဲ့ အကြီးအကဲနှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများက ကြိုဆို နှုတ်ဆက်ကြကာ ဗိမာန်သို့ လိုက်ပါပို့ဆောင်ပေးကြသည်။

ဆက်လက်၍ ဗီယက်နမ်ပြည်သူ့တပ်မတော်သား နှစ်ဦးက လွမ်းသူ့ပန်းခွေအား သယ်ဆောင် နေရာချထားပေးပြီး စစ်တီးဝိုင်း အဖွဲ့၏ ကွယ်လွန်သူသမ္မတကြီး ဟိုချီမင်းအတွက် ဂါရဝပြုတီးမှုတ်မှုနှင့်အတူ နိုင်ငံတော်သမ္မတသည် ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် အတူတကွ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဟိုချီမင်းဂူဗိမာန် အတွင်း လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာရာ ဗိမာန်စီမံခန့်ခွဲရေးဘုတ်အဖွဲ့ အကြီးအကဲနှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟိုချီမင်းဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချရန် ရှေ့ဆောင်တပ်မတော်သားနှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေကို သယ်ဆောင်လာစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟိုချီမင်းဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၅**

နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ ဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မကွေးမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ကျောင်းသား၊ ကျောင်းသူများအတွက် သိသင့် သိထိုက်သော လူငယ်များ၏ ရည်မှန်းချက်၊ အတတ်ပညာ တတ်ဖို့သာမက အသိပညာတတ်ဖို့ပါ စာပေဖတ်ရှုကြရန်၊ လူငယ်နဲ့စာရိတ္တ ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။

(ဓာတ်ပုံ)

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျွမ်းကျင်(၃) ရုပ်သံ ဒေါ်ခင်နှင်းအေးက လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို ဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် စက်တင်ဘာ ၅

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဗီယက်နမ်နိုင်ငံသမ္မတရုံး တုံကင်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ညစာစားပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတနှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်ဇနီး၊ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက် လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံတေးသီချင်းများ၊ အကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ညစာစားပွဲအခမ်းအနားမှ ပြန်လည်ထွက်ခွာရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ရင်းနှီး နွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်း ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့ ဂုဏ်ပြုညစာစားပွဲတွင် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံတေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

○ စာမျက်နှာ ၂၄ မှ

ယနေ့ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီမှ စတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## Mandalay Convention Centre (MCC) နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre (MCC) အား ၁-၁၀-၂၀၂၅ ရက်နေ့မှစ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တိုက်ရိုက်စီမံခန့်ခွဲပြီး ငလျင်ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်လျက်ရှိပါသည်။ Mandalay Convention Centre (MCC)နှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ အငှားချထားခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းများ မပြုထားပါကြောင်းနှင့် **Mandalay Convention Centre (MCC)နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စရပ်များရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့သာ** တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ Van Phuc ပိုးထည်ရွာသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှသည် ယနေ့နံနက်ပိုင်းတွင် Van Phuc ပိုးထည်ရွာ (Silk Village)သို့ သွားရောက်လေ့လာသည်။

ဦးစွာ Van Phuc ပိုးထည်ရွာ (Silk Village)သို့ ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ ဇနီး မဒမ် ငိုဖုန်လီနှင့် Van Phuc ပိုးထည်ရွာ (Silk Village) တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှသည် Van Phuc ပိုးထည်ရွာ (Silk Village) အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီနှင့် Van Phuc ပိုးထည်ရွာ (Silk Village) တာဝန်ရှိသူများက ဗီယက်နမ်ရိုးရာ ပိုးထည်ရက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီတို့သည် Van Phuc ပိုးထည်ရွာ (Silk Village) အတွင်း ခင်းကျင်းပြသထားသည့် ပိုးထည်များအား လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီတို့ Van Phuc ပိုးထည်ရွာ (Silk Village) အတွင်း၌ ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

Van Phuc ပိုးထည်ရွာသည် ဗီယက်နမ်နိုင်ငံ၏ အထင်ရှားဆုံး ရိုးရာပိုးထည် ရက်လုပ်သည့် ကျေးရွာများထဲမှ တစ်ခုဖြစ်ပြီး အဆိုပါကျေးရွာတွင် ပိုးထည် ရက်လုပ်သည့် ရိုးရာအမွေအနှစ်သည် နှစ်ပေါင်း (၁၀၀၀) ကျော်ရှိခဲ့ပြီး ဗီယက်နမ်ရိုးရာ ရက်ကန်းလုပ်ငန်း၏ အရေးပါသော ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် အသိအမှတ်ပြုခံထားရကြောင်း၊ ပိုးမွေးမြူခြင်းမှစတင်၍ ပိုးချည်မျှင်ထုတ်လုပ်ခြင်း၊ ချည်မျှင်ပြင်ဆင်ခြင်း၊ ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်ခြင်း၊ အရောင်ဆိုးခြင်းနှင့် နောက်ဆုံး ပိုးထည်များအဖြစ် ပြုလုပ်ခြင်းအထိ ပိုးထည်ထုတ်လုပ်မှု၏ အဆင့်ဆင့်ကို လေ့လာနိုင်မည်ဖြစ်သည့်အပြင် ရိုးရာလက်မှုပညာရှင်များ၏ မျိုးဆက်အလိုက် ရက်ကန်းပညာ လက်ဆင့်ကမ်းထိန်းသိမ်းလာပုံ၊ ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ဖွံ့ဖြိုးလာပုံတို့ကိုလည်း လေ့လာနိုင်ကြောင်းနှင့် ဗီယက်နမ်ပိုးထည်လုပ်ငန်း၏ သမိုင်းနှင့် လက်မှုပညာ ထိန်းသိမ်းခြင်းတို့ကို လေ့လာနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် အမြင့်မားဆုံးနေရာလည်းဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီက ဗီယက်နမ်ရိုးရာ ရေနွေးကြမ်းဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှနှင့် Van Phuc ပိုးထည်ရွာ (Silk Village) တာဝန်ရှိသူတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Van Phuc ပိုးထည်ရွာ (Silk Village)မှ ပြန်လည်ထွက်ခွာရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ ဇနီး မဒမ် ငိုဖုန်လီနှင့် Van Phuc ပိုးထည်ရွာ (Silk Village) တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှVan Phuc ပိုးထည်ရွာ (Silk Village) အတွင်း ကြည့်ရှုလေ့လာစဉ်။

❖ နေပြည်တော်မှ

Ram 16 GB၊ SSD 512 GB နှင့် P4000 Professional Dedicated Graphic Card အား အသုံးပြုထားသည့်အတွက် ရုပ်ပုံများဝေဝါးခြင်းမရှိဘဲ 4K Resolution အတိုင်း အများပြည်သူများ ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ရေပန်းဥယျာဉ်၌ ညပိုင်းအချိန်များတွင် ရေပန်းရုပ်ရှင် (3D Water Screen Laser Movie) အစီအစဉ်အား ပြသဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရေပန်းဥယျာဉ်သည် နေပြည်တော်၏ အထင်ကရနေရာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး နေပြည်တော်တွင် နေထိုင်ကြသည့် ဝန်ထမ်းများနှင့် အများပြည်သူများ၊ ပြည်တွင်း / ပြည်ပ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် လာရောက်အပန်းဖြေအနားယူနိုင်စေရန်ရည်ရွယ်၍ တည်ဆောက်ထားရှိခြင်းဖြစ်ပြီး နေပြည်တော်ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် Mini Wave Pool တည်ဆောက်ခြင်း၊ အပျော်စီးရထားတည်ဆောက်ခြင်း၊ Ferris Wheel တည်ဆောက်ခြင်း၊ အပျော်စီးကား Buggy များထားရှိခြင်း၊ ကစားနည်းအမျိုး ၂၀ ပါဝင်သည့် ကစားကွင်းတစ်ခု တည်ဆောက်ခြင်းနှင့် 3D Water Screen Laser Movie ပြသရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို Sun Myat Htun Co.,Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ရေပန်းဥယျာဉ်အပိုင်း(၂)တွင် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိပြီးဖြစ်သည့် ရေပန်းရုပ်ရှင်(3D Water Screen Laser Movie) ပြသလျက်ရှိရာ ယမန်နေ့ညပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်နှင့် ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ရေပန်းဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လက်ပံခြေပေါ်အုပ်စုရှိ ကျေးရွာများမှတောင်သူများ တစ်နှစ်လျှင် ပြောင်းပူးလေးကြိမ်အထိ စိုက်ပျိုးရောင်းချလျက်ရှိ

**ညောင်ဦး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုမှ ကျေးရွာများသည် ပြောင်းဖူးစိုက်ပျိုးရောင်းချခြင်းအား တစ်နှစ်လျှင် လေးကြိမ်အထိ စိုက်ပျိုးရောင်းချကြကြောင်း ပြောင်းဖူးပွဲစား ဦးဝင်းတင်ထံမှ သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုရှိ ကျေးရွာများသည် တစ်နှစ်ပတ်လုံး မြေအောက်ရေအသုံးပြုကာ ပြောင်းဖူးစိုက်ပျိုးကြပြီး တစ်နှစ်လေးကြိမ်အထိ စိုက်ပျိုးရောင်းချနေသည့် ကျေးရွာများဖြစ်သည်။

ကျွန်တော်တို့တွေ ပြောင်းဖူး စိုက်ပျိုးရတာ ဈေးကွက်အခြေအနေထက် ပြောင်းဖူးတစ်သီး စိုက်ပျိုးလျှင် အချိန်နှစ်လခန့်နဲ့ ပေါ်သောကြောင့် ရောင်းချချိန်မြန်ပြီး ငွေလည်းအမြန်ပေါ်ကြောင်း၊ ထွက်ရှိလာသည့် ပြောင်းဖူးများကို ညောင်ဦး - မြင်းခြံကားလမ်းမကြီးဘေးတစ်ဖက်တစ်ချက်တွင် ယာယီတဲများထိုးကာ ရောင်းချကြကြောင်း၊ မန္တလေးမြို့၊ ရန်ကုန်မြို့ကြီးများမှ ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူကြကာ ခြောက်ဘီးမော်တော်ယာဉ်ဖြင့်သယ်ယူကြကြောင်း၊ ပြောင်းဖူး တစ်ခါဝယ်ယူလျှင် ပြောင်းဖူး သုံးသောင်းမှ ငါးသောင်းအထိ ဝယ်ယူကြပြီး ပြောင်းဖူးဆယ်ဖူး ဈေးငွေကျပ် ငါးထောင်မှ ခုနစ်ထောင်အထိ ရောင်းချနေရကာ ပြောင်းဖူးစိုက်ပျိုးသည့်တောင်သူများ ရှုံးတာတစ်ခါမှ မကြုံဖူးဘဲ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းကြောင့် ပြောင်းဖူးအရည်အသွေးအကောင်းဆုံး ဖြစ်နေကာ ဈေးနှုန်းမှာလည်း အကောင်းဆုံးရောင်းချရသည့် ကုန်ပစ္စည်းဖြစ်ကြောင်း ပြောင်းဖူးစိုက်ပျိုးတောင်သူများက ပြောသည်။

**(အောက်ပုံ)(၄၈၁)**



○ ကျောက်ဆည်မှ

ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၇၂၉၅ ဧက၊ မင်းရဲ စိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၄၃၇၃ ဧက၊ သင်းတွဲ စိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ဧက ၈၇၃၀၊ ထုံးကြီး စိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၇၅၉၉ ဧက၊ သင်းဒီး စိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၅၉၂၇ ဧက စုစုပေါင်း ၃၆၅၉၈ ဧက စိုက်ပျိုးပြီးကြောင်းနှင့် မိုးစပါးများ လျှာထားချက်ပြည့်မီကျော်လွန်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်း၍ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် အနေဖြင့် ဒေသတွင်းဆန်စပါး ဖူလုံပိုလျှံရေး ဒေသနှင့်ကိုက်ညီသည့် မနောသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ ဆင်းသုခ၊ ရောမင်း၊ GW-11၊ ပေါ်ဆန်းဘေးကြား၊ နယူးရောစသည့် စပါးမျိုးများ အဓိကထား စိုက်ပျိုးကြကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သက်မောင်(ကျောက်ဆည်)

# ရင်းနှီးချစ်ခင် အောင်ပန်းဆင်ဦးမည့် ဤခရီး

ကေဇက်ဟိန်း(PPIB)

နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်သမ္မတ တာဝန်ယူချိန်မှစတင်ပြီး ဖိတ်ခေါ်ချက်များအရပြည်ပခရီးစဉ်များကိုဆက်တိုက်သွားခဲ့ရပါတယ်။ ပြည်ပခရီးစဉ်များကို ပြန်ကြည့်ရင် အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ဖြစ်ပြီး ယခုဆိုလျှင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကို သွားရောက်မှာပဲ ဖြစ်ပါတယ်။ (၆)ကြိမ်မြောက် ပြည်ပခရီးစဉ်လည်းဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တွေဟာ ကမ္ဘာ့ဦးဆောင်နိုင်ငံတွေအပြင် အာဆီယံဒေသတွင်းနိုင်ငံများဆီကို သွားရောက်နိုင်ခဲ့တာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သွားရောက်ခဲ့သမျှနိုင်ငံတိုင်းနှင့်လည်း ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုခိုင်မာစေခဲ့တဲ့အပြင် နှစ်နိုင်ငံ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းတွေကို ဖော်ဆောင်ပိုင်ဆိုင်နိုင်ခဲ့တာကိုလည်း စာဖတ်သူတို့ တွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။ ယခုသွားရောက်တဲ့ ဗီယက်နမ်ခရီးစဉ်ဟာလည်း နှစ်နိုင်ငံအတွက် ပိုမိုရင်းနှီးချစ်ခင်စေပြီး နှစ်ပြည်ထောင်အကျိုးအတွက် အောင်ပန်းဆင်နိုင်ဦးမယ့် ခရီးတစ်ခုဖြစ်လာဦးမှာလည်း မလွဲဧကန်ပင်ဖြစ်ကြောင်း စာရေးသူယုံကြည်နေမိပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆီသို့**

နိုင်ငံတော်အကြီးအကဲနှင့် ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှာ နေပြည်တော်လေဆိပ်ကနေ အထူးလေယာဉ်နဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကို ထွက်ခွာမှာပဲ ဖြစ်ပါတယ်။ နေပြည်တော်လေဆိပ်မှာတော့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်မှာ ပို့ဆောင်နှုတ်ဆက်ကြပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့် ဇနီးက ပို့ဆောင်နှုတ်ဆက်ကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသေးတယ်။ စာရေးသူတို့နိုင်ငံရဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ရဲ့ တွဲလက်ညီနေမှု၊ စုစည်းအားကောင်းမွန်မှုတို့ကို မြင်ကွင်းများက သက်သေညွှန်းဆိုလို့နေပါသေးတယ်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ နေပြည်တော်လေဆိပ်မှတစ်ဆင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆီသို့ ဦးတည်ပျံသန်းခဲ့ပါပြီ။ တိမ်တိုက်များကြားမှာ တရွေ့ရွေ့ပျံသန်းရင်း မကြာမီဆင်းသက်မယ့်နေရာကတော့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်ပဲ ဖြစ်ပါတယ်။

ဒေသစံတော်ချိန် ၁၂ နာရီခွဲခန့်မှာတော့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိခဲ့ပါပြီ။ လေယာဉ်ပေါ်မှ ဆင်းသက်ရာလမ်းတစ်လျှောက် ကော်ဇောနီခင်းလျက် တစ်ဖက်တစ်ချက်မှာတော့ ဂုဏ်ပြုတပ်ဖွဲ့နဲ့ ကြိုဆိုကာ ခရီးဦးကြိုပြုခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကိုတော့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာလဲခိုင်ဟို ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝေလင်းနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုပြု ကြိုဆိုနှုတ်ဆက်ကြပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang တို့ စက်တင်ဘာ ၄ ရက်က ဆွေးနွေးကြစဉ်။

Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံရှေ့မှာတော့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအလံများကိုစိုက်ထူပြီး ကြိုဆိုထားပုံကလည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်တည်တံ့ရေးကို ဖော်ညွှန်းနေခြင်းသာ။ စာရေးသူတို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးကို အကျဉ်းမျှ လေ့လာကြည့်ကြရအောင်ပါ။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတွင် စက်တင်ဘာ ၄ ရက်က လေ့လာကြည့်ရှုကြစဉ်။

> **ပူးပေါင်းဆောင်ရွက်မှုများအနေနဲ့ကတော့ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ သစ်တော၊ သတ္တုနှင့် သယံဇာတလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၊ ပညာရေးကဏ္ဍ စတဲ့ကဏ္ဍစုံမှာ ဦးစားပေးပူးပေါင်းဆောင်ရွက်သွားဖို့ သဘောတူညီမှုပြုလုပ်ထားတာကိုလည်း တွေ့ရပါတယ်။ ဆိုရလျှင် ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ သတ္တမမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံအဖြစ်ရပ်တည်လျက်ရှိပါတယ်။**

**မြန်မာ- ဗီယက်နမ်နှစ်နိုင်ငံ၏ သံတမန်ခရီး**

မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရဲ့ သံတမန်ခရီးဟာ ၂၈-၅-၁၉၇၅ ခုနှစ်မှာ စတင်ခဲ့တာပဲဖြစ်ပါတယ်။ သံတမန်ဆက်ဆံရေးမထူထောင်မီကပင် နှစ်နိုင်ငံကြား ကူးလူးဆက်ဆံမှုများရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ ၄-၁-၁၉၄၈ ရက်နေ့မှာ ကျင်းပတဲ့ ပထမဆုံး လွတ်လပ်ရေးနေ့အခမ်းအနားကို ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Pham Ngoc Thach ကိုယ်တိုင် တက်ရောက်ခဲ့ပါသေးတယ်။

ဆိုရလျှင်မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာကတည်းက နှစ်နိုင်ငံဟာ နိုင်ငံရေး၊ ကာကွယ်ရေး၊ သံတမန်ရေး စတဲ့ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေရှိခဲ့တာကို သမိုင်းမှတ်တမ်းများမှာ လေ့လာတွေ့ရှိရပါတယ်။ နှစ်နိုင်ငံပူးတွဲဆောင်ရွက်မှုတွေ ဘာတွေရှိခဲ့သလဲ ဆက်လက်လေ့လာကြည့်ရအောင်ပါ။

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးများ၊ နှစ်နိုင်ငံ မူဝါဒရေးရာညှိနှိုင်းအစည်းအဝေးများ၊ နှစ်နိုင်ငံ လုပ်ငန်းအဆင့် အလွတ်သဘောဆွေးနွေးပွဲများ၊ နှစ်နိုင်ငံကုန်သွယ်မှု ပူးတွဲကော်မတီအစည်းအဝေးများကိုလည်း အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များရဲ့ အပြန်အလှန်ခရီးစဉ်များကို ပြန်ပြောင်းကြည့်လျှင်လည်း ပါလီမန်ဒီမိုကရေစီအစိုးရကာလ၊ ပါတီစုံဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၊ ပါတီစုံဒီမိုကရေစီကာလများမှ ယနေ့ထက်တိုင် နှစ်နိုင်ငံခေါင်းဆောင်များရဲ့ အပြန်အလှန်ခရီးစဉ်များကို တွေ့မြင်ခဲ့ရပါတယ်။

ပူးပေါင်းဆောင်ရွက်မှုများအနေနဲ့ကတော့ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ သစ်တော၊ သတ္တုနှင့် သယံဇာတလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၊ ပညာရေးကဏ္ဍစတဲ့ ကဏ္ဍစုံမှာဦးစားပေးပူးပေါင်းဆောင်ရွက်သွားဖို့ သဘောတူညီမှုပြုလုပ်ထားတာကိုလည်း တွေ့ရပါတယ်။ ဆိုရလျှင် ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ သတ္တမမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါတယ်။

**ဗီယက်နမ်နိုင်ငံသမိုင်းအကျဉ်း**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံဟာ အရှေ့တောင်အာရှတွင်တည်ရှိပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့ဘက်စွန်းမှာ တည်ရှိပါတယ်။ လူဦးရေနှင့် သန်းခေါင်စာရင်းအချက်အလက်များအရ ကမ္ဘာပေါ်မှာ ၁၆ ခုမြောက်၊ အာရှမှာ အဋ္ဌမမြောက် လူဦးရေအများဆုံးနိုင်ငံပဲ ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ သူတို့သမိုင်းစဉ်တစ်လျှောက် ကြိုးစားရုန်းကန်လွန့်လူးရင်း စီးပွားရေးကဏ္ဍမှာ ကမ္ဘာပေါ်၌ တိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ်လည်း စာရင်းဝင်ခဲ့တဲ့ နိုင်ငံလည်းဖြစ်ပါတယ်။

ယဉ်ကျေးမှုအရလည်း လူသားဆန်မှုနှင့် သဟဇာတဖြစ်မှုတို့ကို အလေးအနက်ထားကြပြီး မိသားစုနှင့် အသိုင်းအဝိုင်းတို့ရဲ့ တန်ဖိုးကို အလွန်ပဲစောင့်ထိန်းကြပါတယ်။ စာပေယဉ်ကျေးမှုအရလည်း ရိုးရာစာပေကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ ဗီယက်နမ်စာပေဟာ ရာစုနှစ်နှင့်ချီတဲ့ သမိုင်းကြောင်းကို ပိုင်ဆိုင်ထားပါတယ်။ ဗီယက်နမ်နိုင်ငံဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ကို ခိုင်မာစွာတည်ဆောက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့ လှမ်းတက်လျက်ရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

စာမျက်နှာ ၁၁ သို့ »»

»»» စာမျက်နှာ ၁၀ မှ

### ဟန္နိုင်းမြို့အကြောင်းသိကောင်းစရာ

ဟန္နိုင်းမြို့ဟာ နိုင်ငံရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး အတွက် ဗဟိုချက်မတစ်ခု ဖြစ်ပါတယ်။ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ ဆန်းသစ်တီထွင်မှု နှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ လူဦးရေ ရှစ်သန်းကျော်ရှိတဲ့ ဟန္နိုင်းမြို့ဟာ မြို့ပြအခြေခံ အဆောက်အအုံများနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ဟန္နိုင်းမြို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ နည်းပညာကဏ္ဍတွေ အဓိကပါဝင်ပါတယ်။ အဆင့်မြင့်နည်းပညာဇုန်တွေ၊ မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်းတွေကို အကောင်အထည် ဖော်ဆောင်လျက်ရှိတဲ့အပြင် လမ်း၊ တံတား၊ မြို့ပြရထား၊ ရေသန့်နှင့် ရေဆိုး သန့်စင်ရေး၊ အများပြည်သူသုံးနေရာများနှင့် မြို့ပြ စိမ်းလန်းဧရိယာများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးအနက်ထား ဖော်ဆောင်လျက်ရှိပါတယ်။

မြို့ပြစီမံခန့်ခွဲမှုနှင့် သန့်ရှင်းသပ်ရပ်မှုအပိုင်း မှာလည်း ဟန္နိုင်းမြို့ဟာ လမ်းများ၊ ပန်းခြံများ၊ ရေကန်များ၊ အများပြည်သူသုံးနေရာများကို စနစ် တကျဖော်ဆောင်ပြီး ထိန်းသိမ်းထားတာကိုတွေ့ရပါ တယ်။ ရေဆိုးရေသန့်နှင့် အမှိုက်စီမံခန့်ခွဲရေးလို ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအဆောက်အအုံ စီမံကိန်းများ ဆောင်ရွက်နေတာကိုလည်း လေ့လာ တွေ့ရှိခဲ့ရပါတယ်။

ယဉ်ကျေးမှုအရ ဟန္နိုင်းမြို့ဟာ ဗီယက်နမ် နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်များ၊ ခေတ်မီမြို့ပြဘဝများ ပေါင်းစပ်တည်ရှိထားတဲ့ မြို့တစ်မြို့လို့ဆိုရမှာပါပဲ။ Old Quarter, Hoan Kiem Lake နှင့် သမိုင်းဝင်အဆောက်အအုံတွေ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နေရာများဟာ ဟန္နိုင်းမြို့ရဲ့ ထင်ရှားသောလက္ခဏာ များပဲဖြစ်ပါတယ်။ ရိုးရာအစားအစာ၊ လက်မှုပညာနဲ့ ဒေသခံများရဲ့ လူမှုဘဝများကလည်း မြို့ပြရဲ့ ယဉ်ကျေးမှုပုံရိပ်ကို ပိုမိုထင်ရှားစေပါတယ်။ ဆိုရလျှင် ဟန္နိုင်းမြို့သည် သမိုင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းထားနိုင်တဲ့ မြို့တစ်မြို့ ဖြစ်သလို ခေတ်မီအခြေခံအဆောက်အအုံတွေ၊ စီးပွားရေးနှင့် နည်းပညာကဏ္ဍများ တစ်ပြိုင်နက် တိုးတက်အောင်ဆောင်ရွက်နေတဲ့ နိုင်ငံရဲ့ အရေးပါ သော မြို့ပြဗဟိုချက်အဖြစ် တည်ရှိနေကြောင်း စာရေးသူလေ့လာသိရှိခဲ့ရပါတယ်။ နိုင်ငံတော် အကြီးအကဲရဲ့ခရီးစဉ်ကို ဆက်လက်လေ့လာ ကြည့်ကြရအောင်လားဗျာ။

### ဟန္နိုင်းမှသည် Hai Phong(ဟိုင်းဖောင်)မြို့ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီသို့ သွားရောက်လေ့လာ

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဒေသစံတော်ချိန် မွန်းလွဲပိုင်းမှာ ဟန္နိုင်းမြို့မှတစ်ဆင့် Hai Phong မြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ သို့ စတင်သွားရောက်လေ့လာခဲ့ပါတယ်။

စာရေးသူတို့ အထူးယာဉ်တန်းနဲ့ သွားတဲ့နေရာ မှာ Hai Phong မြို့သို့ သွားရာလမ်းတစ်လျှောက် လမ်းများဟာ အဆင့်မီပြီးချောမွေ့ကောင်းမွန်နေတာ ကိုလည်း တွေ့မြင်ရပါတယ်။ လမ်းဘေးဘယ်ညာ မှာလည်း စိမ်းလန်းတဲ့စပါးခင်းကြီးတွေ၊ ငှက်ပျော ခင်းကြီးများကို ရှုမျှော်မဆုံး တွေ့မြင်ရပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို စက်မှုလယ်ယာ စနစ်နဲ့ ဆောင်ရွက်နေပြီး အချို့သော စပါးခင်းများ အနီးမှာ ဗီယက်နမ်ရိုးရာ ကောက်စိုက်သမလေးများ ကိုလည်း အမှတ်မထင် တွေ့မြင်လိုက်ရပါသေးတယ်။

စပါးခင်းများကြားမှာလည်း စနစ်တကျ ဖောက်လုပ်ထားသော ကုန်ထုတ်လမ်းများကို တွေ့ရ ပြန်ပါတယ်။ အထူးယာဉ်တန်းသွားနေတဲ့ လမ်းမ ကြီးဟာ အသွားအပြန် ခြောက်လမ်းသွားလမ်းမကြီး ဖြစ်ပြီး လမ်းမကြီးဟာ အဆင့်မီပြီး ချောမွေ့ပြေပြစ် လျက်ရှိတာကိုလည်း တွေ့မြင်ရပါတယ်။ လမ်းမကြီး ထဲမှာ အနေးယာဉ်များသွားနိုင်ဖို့ လမ်းကိုလည်း ဖောက်လုပ်ပေးထားတာကို တွေ့မြင်ရပါတယ်။ လမ်းဘေးဘယ်ညာ တစ်လျှောက်မှာလည်း လေကာပင်များကိုလည်း စနစ်တကျ စိုက်ပျိုးထားရှိ ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်တွေနဲ့ ကျေးလက်ရှုခင်းပုံရိပ်တို့ကို ယှဉ်တွဲပြသထားသလို စာရေးသူခံစားမိပါတယ်။

Hai Phong(ဟိုင်းဖောင်)မြို့ထဲသို့ စတင် ဝင်ရောက်လာခဲ့ပါပြီ။ ပြီးနောက် နိုင်ငံတော် အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာ ကိုယ်စားလှယ်အဖွဲ့ဟာ Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီကို ရောက်ရှိခဲ့ပါတယ်။ ရောက်ရှိစဉ်မှာတော့ နိုင်ငံတော်အကြီးအကဲကို ဗီယက်နမ်နိုင်ငံရဲ့ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Madam DUONG THIHOAN၊ Vinfast ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုပြု ကြိုဆို နှုတ်ဆက်ကြပါတယ်။

တွေ့ဆုံပြီးသည်နှင့် နိုင်ငံတော်အကြီးအကဲ အနေဖြင့် စက်ရုံရဲ့ သမိုင်းကြောင်း၊ စက်ရုံမှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ် နေမှုများ၊ ပြည်တွင်း ပြည်ပဈေးကွက်သို့ ထုတ်လုပ် ဖြန့်ဖြူးနေမှုများ၊ ယာဉ်များကို အဆင့်ဆင့်ထုတ်လုပ် မှုတွင် အလိုအလျောက်စနစ်များ၊ စက်ရုပ်နည်းပညာ သုံးကာ ဆောင်ရွက်နေမှုများ၊ Vinfast ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်တွေကို ဆွေးနွေးလေ့လာခဲ့ပါသေးတယ်။ Vinfast မော်တော် ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ဗီယက်နမ်နိုင်ငံရဲ့ အကြီးစားစီးပွားရေးလုပ်ငန်းစုဖြစ်တဲ့ Vingroup ရဲ့ လုပ်ငန်းများထဲက လျှပ်စစ်မော်တော်ယာဉ်၊ လျှပ်စစ် မော်တော်ဆိုင်ကယ်တွေ အဓိကထုတ်တဲ့ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ စက်ရုံကို စတင် တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လ ၁၄ ရက်မှာ စက်ရုံဖွင့်ကာ ယာဉ်တွေကို စတင်ထုတ်လုပ်နိုင်ခဲ့ တာပဲဖြစ်ပါတယ်။ ထုတ်လုပ်ရာမှာလည်း ခေတ်မီ နည်းပညာတွေ၊ အလိုအလျောက်စနစ်တွေ၊ စက်ရုပ် နည်းပညာတွေကိုအသုံးပြုပြီး ဆောင်ရွက်နေတာကို လည်း စာရေးသူတွေ့မြင်ခဲ့ရပါတယ်။

ဒါတင်မကပါဘူး။ Vinfast ဟာ ယာဉ်ထုတ်လုပ် မှုအပြင် ယာဉ်ရဲ့ ဘက်ထရီထုတ်လုပ်မှုကဏ္ဍကိုလည်း ဆောင်ရွက်ပါသေးတယ်။ ပြည်တွင်းမှာသာမက အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတို့မှာပါ စက်ရုံများ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲနိုင်ဟို ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၄ ရက်တွင် ဟန္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

တည်ဆောက်ပြီး ထုတ်လုပ်မှုကို နိုင်ငံတကာ ထုတ်လုပ်နိုင်မှုနှင့် ဈေးကွက်ချဲ့ထွင်ထားနိုင်မှုကို လည်း အံ့မခန်းတွေ့မြင်ခဲ့ရပါတယ်။

### Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ သွားရောက်လေ့လာ

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဟာ Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ သွားရောက် လေ့လာခဲ့ပြန်ပါတယ်။ ကုမ္ပဏီကို ရောက်ရှိတဲ့အခါ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr.Lt. Gen. Nguyen Quang Ngoc၊ Viettel Group ၏ ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုပြု ကြိုဆိုနှုတ်ဆက် ကြပါတယ်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး Viettel Group အနေဖြင့် Mytel နှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေး၊ မြန်မာနိုင်ငံတွင် Mytel ဆက်သွယ်မှုကွန်ရက်ဆိုင်ရာ လုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပူးပေါင်းမှုများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေး၊ ဒီဂျစ်တယ်နည်းပညာ ဆိုင်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး များတွင် Mytel အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအလား အလာကောင်းများရှိနေမှု၊ ရတနာပုံဆိုက်ဘာ စီးတီးအပါအဝင် မြန်မာနိုင်ငံရဲ့ နည်းပညာအထူးဇုန် များတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပြီး ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ ပစ္စည်း များ ထုတ်လုပ်နိုင်မှုနှင့် ဒီဂျစ်တယ်နှင့် နည်းပညာ ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးအနက်ထား ဆွေးနွေးခဲ့ကြပါတယ်။

တွေ့ဆုံမှုအပြီးမှာတော့ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးနွေးထွေးစွာ အထူး ယာဉ်တန်းဆီကို လိုက်လံပို့ဆောင်နှုတ်ဆက်ကြပါ သေးတယ်။ သည်နောက်မှာတော့ နိုင်ငံတော်အကြီး အကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စား လှယ်အဖွဲ့ဟာ တည်းခိုရာနေရာကို အထူးယာဉ်တန်း နဲ့ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တွေကို ကြည့်ရင် သွားရောက်တဲ့ နိုင်ငံအလိုက် နိုင်ငံတော် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေး ဆိုတဲ့ ကဏ္ဍပေါ် အဓိကအခြေခံပြီး သွားရောက် တွေ့ဆုံခဲ့တာကို တွေ့မြင်ရပါတယ်။ ဒါ့အပြင် မိမိတို့ နိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်း မှုနှင့် တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေးအတွက် လည်း အချို့သောနိုင်ငံတွေမှာ ထည့်သွင်းဆွေးနွေး ပြီး ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာကောင်း တွေကို ဖော်ဆောင်ခဲ့တာကိုလည်း တွေ့မြင်ရပါ တယ်။ ယခု ဗီယက်နမ်နိုင်ငံရဲ့ ခရီးစဉ်ပထမရက်မှာ တော့ နိုင်ငံတော်စီးပွားရေးကဏ္ဍရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်ထုတ်လုပ်မှု ကဏ္ဍကို အဓိကအရ ကြိုးပမ်းဆွေးနွေးဖော်ဆောင် နိုင်ခဲ့ပြန်ပါတယ်။

မည်သို့ပင်ဆိုပါစေ ဤခရီးစဉ်ဟာလည်း နှစ်နိုင်ငံအတွက် ရင်းနှီးချစ်ခင်မှု ပိုမိုခိုင်မာရေးမှ သည် မိမိတို့နိုင်ငံ၏ စီးပွားရေးခိုင်မာမှုအတွက် အောင်ပန်းဆင်နိုင်လိမ့်ဦးမည်ဟု ယုံကြည်နေပါ ကြောင်း ဟန္နိုင်းမြို့က စာလွှာပါးလိုက်ရပါတော့ တယ်။ ။

---

## အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ညောင်မြင့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)မှ ကျောင်းအုပ် ဒေါ်ဖြူဖြူမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ) မှ ကျောင်းအုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း မန်ကျည်း၊ ဆီး၊ ငရုတ်အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ ပထမအကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံ တိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေများနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

မန္တလေး စက်တင်ဘာ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သဘင်ဆောင်၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များသည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကဏ္ဍအသီးသီးကို သီးခြားစီအကောင်အထည်ဖော်ဆောင်ရွက်ရသည့် လွှတ်တော်များပင်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင် စနစ်တကျခိုင်မာအားကောင်းစေရေးနှင့် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတို့ကို လွှတ်တော်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေများကို ကျကျနနသိရှိအောင် လေ့လာဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း (၅)နှစ်စီမံချက် ရေးဆွဲချမှတ်ထားရှိပြီးဖြစ်ပါကြောင်း၊ ယင်းစီမံချက်ပါ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အဆင့်လိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်များနှင့် လွှတ်တော်၏အနှစ်သာရများကို ကောင်းစွာသိရှိနားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း။

လွှတ်တော်များ၏တာဝန်သည် ဥပဒေပြုရေးနှင့် ပြည်သူကိုကိုယ်စားပြုရေးသည် အဓိကဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင်ကျင့်သုံးသည့် လွှတ်တော်များတွင် လွှတ်တော်နှစ်ရပ်စနစ် (Bicameral)နှင့် လွှတ်တော်တစ်ရပ်စနစ် (Unicameral) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးဆောင်ရွက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီတွင် လွှတ်တော်တစ်ရပ်စီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် အနီးကပ်ဆုံး ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အရေးကြီးသည့် လွှတ်တော်ဖြစ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူ့အသံ ပြည်သူ့ဆန္ဒကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးရသည့် နေရာဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံဖော်ဆောင်သည့်အနေဖြင့် လွှတ်တော်သို့ မေးခွန်းများ၊ အဆိုများ တင်သွင်းသည့်အခါတွင် စာအရေးအသား၊ စကားရပ်အသုံးအနှုန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က အသိအမှတ်ပြုသုံးစွဲလျက်ရှိသည့် တရားဝင်အသုံးအနှုန်းများဖြင့်သာ သတိပြုရေးသားပြောဆို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများက စိတ်ကြိုက်ရွေးချယ်ပေးလိုက်သောသူများဖြစ်သည့်အတွက် ပြည်သူများ၏လိုအပ်ချက်များကို စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကဏ္ဍ ခိုင်မာအားကောင်းစေရေးအတွက် ကော်မတီများသည်လည်း အရေးကြီးပါကြောင်း၊ ကော်မတီများအနေဖြင့် ဥပဒေပြုရေးနှင့် အခြားလုပ်ငန်းစဉ်များတွင် ပိုမိုကျယ်ပြန့်စွာ တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် တတ်သိပညာရှင်များ၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်နေသူများကို ဖိတ်ခေါ်၍ အဖွဲ့များဖွဲ့ကာ လွှတ်တော်လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးခန်းမသည် လွှတ်တော်၏ မျက်နှာစာဖြစ်သကဲ့သို့ လွှတ်တော်ကဖွဲ့စည်းထားသည့် ကော်မတီများသည်လည်း လွှတ်တော်၏ အသည်းနှလုံးဖြစ်သည်ဆိုသော ဆိုရိုးစကားအတိုင်း အဓိကကျသည့်မဏ္ဍိုင်များဖြစ်ပြီး လွှတ်တော်ငယ်များဟု တင်စားနိုင်ပါကြောင်း။

ကော်မတီများအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့်ဥပဒေများကို လေ့လာဆန်းစစ်သုံးသပ် ဆောင်ရွက်သွားကြရာတွင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ လက်တွေ့ဆောင်ရွက်နေကြသူများကို ဖိတ်ခေါ်ကာ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် ဥပဒေဆိုင်ရာအခက်အခဲများ၊ အကြံပြုချက်များကို လေ့လာသုံးသပ်ပြီး လွှတ်တော်ကို ပိုမိုခိုင်မာအားကောင်းအောင် ပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ယူစဉ်ကာလအတွင်း လွှတ်တော်ကဏ္ဍ ပိုမိုမြင့်မားတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကို လူထုလူတန်းစားအသီးသီးက ပိုမိုသိရှိစေရေးနှင့် လွှတ်တော်၏ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ ထိတွေ့နိုင်ရေးအတွက် လွှတ်တော်သို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားဆောင်ရွက်ခြင်းနည်းလမ်းများ၊ အွန်လိုင်းမီဒီယာ၊ Printed Media နည်းလမ်းများကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိနိုင်ရန်နှင့် လွှတ်တော်၏လုပ်ဆောင်ချက်များ မြင်သာထင်သာရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့တိုင်းဒေသကြီးအတွင်းရှိသည့် တက္ကသိုလ်များ၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများကို ဖိတ်ကြားပြီး လွှတ်တော်လေ့လာရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏လုပ်ဆောင်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက်လည်း လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လွှတ်တော် Website များ တည်ထောင်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာများဖွင့်လှစ်၍ ပြည်သူကို အချိန်နှင့်တစ်ပြေးညီ သိမြင်စေရေး ဆောင်ရွက်သွားကြစေလိုကြောင်း။

လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ပိုမိုအထောက်အကူပြုနိုင်စေရန်အတွက် နိုင်ငံတကာလွှတ်တော်များကဲ့သို့ Open Parliament၊ Mock Parliament၊ Public Hearings၊ Online Petition Committee ကဲ့သို့သော ပါလီမန်ဆိုင်ရာအလေ့အထများနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ပြုလုပ်သွားရန်လိုအပ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်စွမ်းရည်မြှင့်တင်ရေးသာမက ဥပဒေပြုရေးဆောင်ရွက်သည့်အခါတွင် ပိုမိုအထောက်အကူပြုစေရန် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များ၊ Talk Show များ ပြုလုပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လွှတ်တော်၏အရည်အသွေးများ ပိုမိုမြင့်မားအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့-AIPO စတင်ဖွဲ့စည်းစဉ်ကတည်းက ပါဝင်ခဲ့ပြီး ယခုအာဆီယံပါလီမန်များညီလာခံ-AIPA တွင်လည်း အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိပါကြောင်း၊ အလားတူပင် နိုင်ငံတကာပါလီမန်များအဖွဲ့ -IPU တွင်လည်း အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိပါကြောင်း၊ နိုင်ငံတကာစာမျက်နှာနှင့် အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်သည် နိုင်ငံတော်၏အရေးပါဆုံး အမျိုးသားအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် လွှတ်တော်၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူက ပိုမိုယုံကြည်အားကိုးအားထားပြုနိုင်အောင် ကြိုးစားသွားကြပါစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ကျင်းပခဲ့မှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ရေးရာကော်မတီများ၏ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နှုတ်ခွန်းဆက် အမှာစကားပြောကြားကာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၉-၂၀၂၆ ည ၈း၄၅ နာရီ | ဗလင်စီယာ - ဘာစီလိုနာ | ဗလင်စီယာ ၃-၁ ဘာစီလိုနာ<br>ဘာစီလိုနာ ၆-၀ ဗလင်စီယာ |
| ၆-၉-၂၀၂၆ ည ၁၁း၀၀ နာရီ | အလာဗက်စ် - အိုဆာဆူနာ | အလာဗက်စ် ၂-၂ အိုဆာဆူနာ<br>အိုဆာဆူနာ ၃-၀ အလာဗက်စ် |
| ॥ | မာလာဂါ - လီဗန်တေး | မာလာဂါ ၀-၀ လီဗန်တေး<br>လီဗန်တေး ၁-၀ မာလာဂါ |

## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၉-၂၀၂၆ ည ၇း၃၀ နာရီ | အဲဗာတန် - မန်ယူ | အဲဗာတန် ၀-၁ မန်ယူ<br>မန်ယူ ၀-၁ အဲဗာတန် |
| ၆-၉-၂၀၂၆ ည ၁၀း၀၀ နာရီ | အာဆင်နယ် - ချဲလ်ဆီး | အာဆင်နယ် ၂-၁ ချဲလ်ဆီး<br>ချဲလ်ဆီး ၁-၁ အာဆင်နယ် |

## ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၉-၂၀၂၆ ည ၈း၀၀ နာရီ | ဟမ်းဘတ် - ဗိန္ဒိ | ဟမ်းဘတ် ၄-၀ ဗိန္ဒိ<br>ဗိန္ဒိ ၁-၁ ဟမ်းဘတ် |

## အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၉-၂၀၂၆ ညနေ ၅း၃၀ နာရီ | ဘာမင်ဂမ် - ဝုဗ် | ဘာမင်ဂမ် ၀-၁ ဝုဗ်<br>ဝုဗ် ၂-၀ ဘာမင်ဂမ် |

## မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၉-၂၀၂၆ တနင်္ဂနွေနေ့ | ညနေ ၃း၃၀ နာရီ | ရှေ့ဝတီ - ဒဂုံ | ရှေ့ဝတီ ၀-၂ ဒဂုံ<br>ဒဂုံ ၂-၁ ရှေ့ဝတီ |

# မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၆ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီးဒေါ်မမ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့်ဇနီး ဒေါ်အင်ကြင်းခိုင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ပညာရေးဌာနမှတာဝန်ရှိသူများ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

၎င်းနောက် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုလိုအောင်မြင်မှုမျိုးသည် ပညာသင်နှစ်တစ်နှစ်တည်း ကြိုးစားခဲ့ခြင်းမဟုတ်ဘဲ မူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့် အဆင့်ဆင့်ကို စဉ်ဆက်မပြတ် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ခိုင်မာသည့် ရည်မှန်းချက်များဖြင့် ကြိုးစားဖြေဆိုမှု၊ စာသင်နှစ်တစ်နှစ်တာကာလအချိန်များကို တန်ဖိုးထားပြီး မှန်ကန်စွာ အကျိုးရှိရှိ အသုံးချတတ်မှု၊ မိဘနှင့်ဆရာဟန်ချက်ညီညီ ဖြည့်ဆည်းပံ့ပိုးမှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်မှုရလဒ်မျိုးကို ရရှိခံစားကြရပြီဖြစ်ပါကြောင်း၊ စနစ်သစ်ပညာရေးအပြောင်းအလဲနှင့်အညီ ၂၁ ရာစုကျွမ်းကျင်မှု၊ ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု၊ အဆင့်မြင့်စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှု၊ ဗလငါးတန်ဖွံ့ဖြိုးမှုများနှင့် ပြည့်စုံသည့်သူများ ဖြစ်လာအောင် သင်ကြားမှု သင်ယူမှု စံ(၅)ရပ်နှင့်အညီ သင်ကြားသင်ယူကြရမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူရာတွင် အားအင်အပြည့်နှင့် ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်အောင် ရောက်သည်အထိ တစိုက်မတ်မတ်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတွင် အလှူငွေထည့်ဝင်ခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦးနှင့် ဘာသာစုံ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးအားလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဌေးက သိပ္ပံတွဲဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦးနှင့် ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးအားလည်းကောင်း၊ ဝန်ကြီးချုပ်၏ ဇနီးက သိပ္ပံဘာသာတွဲနှင့် ဝိပ္ပံဘာသာတွဲတို့တွင် မြန်မာတစ်နိုင်ငံလုံးအမှတ် အများဆုံး ရရှိသည့် ကျောင်းသား၊ ကျောင်းသူသုံးဦးနှင့် ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး အားလည်းကောင်း၊ တိုင်းမှူး၏ ဇနီးက ဝိပ္ပံဘာသာတွဲနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူသုံးဦးနှင့် ဘာသာစုံဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ရှစ်ဦးအားလည်းကောင်း ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

၎င်းနောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မှူးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့်ဇနီး၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရ၊ ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

၎င်းနောက် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံး အဆင့်(၁)ရရှိသည့် မသီရိစိုးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



အခမ်းအနား၌ အမှတ်(၁၄)၊ အမှတ်(၂၇)၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ"၊ "မန္တလေးကကြိုမယ်"တေးသီချင်း၊ "အောင်မြင်ပါစေ မြန်မာပြည်"တေးသီချင်း၊ "ဇာတိမာန်" တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမှုများကို ကြည့်ရှုအားပေးကြပြီးနောက် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့အခမ်းအနားတွင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများနှင့် ဂုဏ်ပြုဆုများ၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၃၁၁ ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး စာရင်းဝင်(၁၀)ဦး အပါအဝင် စုစုပေါင်းဂုဏ်ထူးရှင် ၈၇၃၈ ဦးနှင့် ရိုးရိုးအောင် ၁၉၆၅၅ ဦးဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်ရာခိုင်နှုန်း ပထမအဆင့်၊ အလားတူစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံးစာရင်းဝင် နှစ်ဦး အပါအဝင် စုစုပေါင်းဂုဏ်ထူးရှင် ၆၀ ဦးနှင့် ရိုးရိုးအောင် ၁၀၄ ဦးဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်ရာခိုင်နှုန်းသတ္တမအဆင့်တို့တွင် ရရှိခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော၊ လက်တွေ့သရုပ်ပြဆောင်ရွက်

**ပခုက္ကူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပြီး လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နုနုဝင်းက လျှပ်ဘေး၊ ရေဘေးနှင့် လေဘေးအန္တရာယ်အမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်က မီးဘေးအန္တရာယ်ဆိုင်ရာများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာပေးအပ်ခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်း လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၃၄၀)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ အိပ်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် နေရာအား တာမိုင် ၁၁/၅ နှင့် ၁၁/၆ ကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါး ရေတိုက်စားမှု ဒဏ်ကာကွယ်ရန်နှင့် ကမ်းပါးမြေ မပြိုကျစေရန် ထိမ်းသိမ်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး

နေပြည်တော် စက်တင်ဘာ ၅

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၈)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး စကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့၊ အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၉ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ငသိုင်းချောင်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁ လက်မခန့်သာကျန်ရှိသဖြင့် ၂ ပေ ၈ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၈)အစုန် DEMU ရထားတွဲဆိုင်းအား ခဲပြင့်ပေါက်သူ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေပိုင်းတွင် အမှတ်(၈)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ခရီးဆုံးဘူတာဖြစ်သည့် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိပြီး ရထားတွဲဆိုင်းအား သိမ်းယူရန် စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရထားထွက်ခွာစဉ် လမ်းညာဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ ဒုတိယတွဲဖြစ်သော ပထမတန်းတွဲ DEMU F-4030 တွဲ၏ ခုံအမှတ် 3A, 3B နှင့် 4A, 4B အကြား ပြတင်းတံခါးဘေး လေကာမှန် နှစ်လက်မခန့် ပေါက်ထွက်သွားပြီး မှန်ကြေမွကွဲအက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အမှတ်(၈)အစုန်ရထား ခရီးဆုံးဘူတာသို့ ရောက်ရှိပြီး ရထားသိမ်းရန် မိခင်စက်ရုံသို့ ထွက်ခွာမောင်းနှင်စဉ် ဖြစ်ပွားခဲ့သဖြင့် စက်ခေါင်းမောင်းနှင့် စက်မှုစက်ပြင်အဖွဲ့သာပါရှိခဲ့ပြီး စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိမှသာ သိရှိခဲ့ရသဖြင့် တရားခံ ဖမ်းဆီးရမိရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်သက်ဆိုင်ရာ အင်းစိန်နယ်မြေရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉(ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း(သို့မဟုတ်)တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ(၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သိရသည်။

သတင်းစဉ်



အမှတ်(၈) အစုန် DEMU ရထားကို ခဲဖြင့် ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ ပြတင်းတံခါးဘေး လေကာမှန် နှစ်လက်မခန့် ပေါက်ထွက်ကြေမွအက်ကွဲမှုဖြစ်ပွားခဲ့ပုံ။

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) (NGB)
အနိုင်၊ အရှုံး

| | | |
|---|---|---|
| နယူးကာဆယ် | ၂ - ၂ | ဘုန်းမောက် |
| ဖူလ်ဟမ် | ၂ - ၃ | ပဲလေ့စ် |
| မန်စီးတီး | ၁ - ၀ | ကိုဗင်ထရီ |

# စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး စက်တင်ဘာ ၅**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်၊ ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာပေလေ့လာဖတ်ရှုမှတ်သားသည့် အလေ့အထ ဖြစ်ပေါ်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ငါးဆင့်)သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထား ကြိုးစားရန်၊ ကျောင်းသင်ခန်းစာများကို အထောက်အကူဖြစ်စေမည့် စာအုပ်၊ စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မြို့နယ်ပြည်သူ့စာကြည့်တိုက် အသိပညာပေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများ၊ စာရေးဆရာကြီးများ၏ စာပေအဆိုအမိန့်များ စသည့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး တိုင်းရင်းသားရိုးရာကလေးစာပေများကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(မိဿနီးမြေ)**

# ပျော်ဘွယ်မြို့နယ် အ.လ.က(ငွေးဇီး)၌ လူငယ်စကားဝိုင်း ကျင်းပ

**ပျော်ဘွယ် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ကျောင်းသားလူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး၊ လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိပညာဗဟုသုတများ ဖလှယ်တတ်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ငွေးဇီး)၌ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက လူငယ်များအတွက် အကျိုးရှိစေမည့် အကြောင်းအရာများကို ရွေးချယ်၍ လူငယ်စကားဝိုင်းများ ပုံမှန်ကျင်းပပေးခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ လူငယ်များ၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေးစသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍G-9ကျောင်းသားနှစ်ဦးနှင့် ကျောင်းသူနှစ်ဦးတို့က လူငယ်နှင့် သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ဆိုရှယ်မီဒီယာသုံးစွဲမှုတို့၏ ကောင်းကျိုး၊ ဆိုးကျိုးများကိုဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

# အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေး

**ကျောက်ဆည် စက်တင်ဘာ ၅**

မန္တလေးတိုင်းသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မင်းရပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ် နေ့ရက်များ သတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသော အကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်းဆရာမများက အဖွဲ့ခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဝါခေါင်သွန်းဖြိုး ပုလဲမိုး


* တိမ်မည်းညို့ သိုင်းယှက်ကူးပါလို့
လေပြည်ဖြူး တန်ဆာဆင်
လယ်မြေတစ်ခွင်။
ရွာချဖို့ ဟန်ကိုပြင်
ရွာစေချင် ဝသန်လ။
ပျိုတို့မောင် ထွန်ယက်ပျိုးရအောင်
မိုးပုလဲမှျ။

* ကောက်စိုက်လုံမေ ရွှံ့မြေခပါတော့
သဘာဝ အလှပါပေ
ပြုံးပန်းလှိုင်ဝေ။
မိုးစပါးအတွက် ပျိုးချနေ
သံပြိုင်လေ တေးဆိုကျူး။
လဝါခေါင် မိုးစက်ဖွေးရယ်က
အေးချမ်းရွှင်မြူး။

* ဒီတစ်မိုးကုန် ဝါကျွတ်ကူးမှာဖြင့်
မှန်းရည်စူး ကသိုလ်အခါ
အလှူပြုမှာ။
စပါးခင်းတို့ ဝင်းဝါဝါ
နေခြည်ဖြာ ရွှေရည်လောင်း။
ပုလဲမိုး ရွာသွန်းဆက်ပြုပါပေါ့
တို့များဆုတောင်း။ ။

မင်းမြတ်မိုး(မန်းမြေ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။



## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၃)၊ ဦးပိုင်အမှတ်(၈၅)ဟုခေါ်တွင်သည့် ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဂရန်မြေကွက်၊ မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဝင်းမြင့်(၁၂/အစန(နိုင်)၀၄၁၃၄၂)ထံမှ မန္တလေးမြို့တော် စာချုပ်စာတမ်းများ၊ မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၂၀၆၅/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံထားရကြောင်း၊ မိမိတရားဝင်လွှဲပြောင်းရောင်းချရန် ကတိပြုပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသည့် ဦးသောင်းရွှေ(၅/ရဥန(နိုင်)၀၄၅၈၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိအကျိုးသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပြည့်စုံ၊ ခိုင်မာသည့်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးခင်မောင်ဦး**
**LL.B (Q), B.Sc,H.G.P**
**Diploma in Business Law,**
**Diploma in International Law**
**(အထက်တန်းရှေ့နေ) (စဉ်–၁၇၄၇၂)**
**(ဓ–၂/၈၁)၊ (၆၆–A)နှင့်(၄၀–B)လမ်းထောင့်၊ မဟာမြိုင်(၁)ရပ်ကွက်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၅၂၁၇၅၄၊ ၀၉–၉၄၅၄၀၅၄၀၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၇)၊ ဦးပိုင်အမှတ်(၁၁၁)ဟုခေါ်တွင်သည့် ဧရိယာ(၀ ဒသမ ၀၁၉၈) ဧကရှိ ဂရန်မြေကွက်၊ မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲအမည်ပေါက်ပိုင်ရှင် တစ်ဦးဖြစ်သည့် ဦးဝင်စတင်အားသာဗာဒင်သည် ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း ဇနီးဖြစ်သည့် ဒေါ်လှဝင်းကြည်(၉/မရမ(နိုင်)၀၁၂၅၂၀)က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မိမိတရားဝင်လွှဲပြောင်းရောင်းချရန် ကတိပြုပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသည့် ဒေါ်လှဝင်းကြည်(၉/မရမ(နိုင်)၀၁၂၅၂၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိအကျိုးသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပြည့်စုံ၊ ခိုင်မာသည့်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးခင်မောင်ဦး**
**LL.B (Q), B.Sc,H.G.P**
**Diploma in Business Law,**
**Diploma in International Law**
**(အထက်တန်းရှေ့နေ) (စဉ်–၁၇၄၇၂)**
**(ဓ–၂/၈၁)၊ (၆၆–A)နှင့်(၄၀–B)လမ်းထောင့်၊ မဟာမြိုင်(၁)ရပ်ကွက်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၅၂၁၇၅၄၊ ၀၉–၉၄၅၄၀၅၄၀၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ(၁ ဒသမ ၆၀၈)ဧက၊ စုစုပေါင်းမြေချိန်ဧရိယာ(၅ ဒသမ ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၈)၊ (၆)လွှာ၊ အခန်းအမှတ်(၅)၊ အိပ်ခန်း(၂)ခန်းပါရှိသည့် အကျယ်အဝန်း(၆၀၅) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက်ခန်းသည် Ownership Certificate No.0392 ဖြင့် ဒေါ်သင်းသင်းထွေး (ဘ)ဦးစိန်ထွန်း(၉/တတဥ(နိုင်)၀၀၁၄၂၇)မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော အမည်ပေါက် Apartment တိုက်ခန်းဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်သင်းသင်းထွေး (ဘ) ဦးစိန်ထွန်း(၉/တတဥ(နိုင်)၀၀၁၄၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါအောင် (LL.B) အထက်တန်းရှေ့နေ**
**ဖိုးလမင်းအိမ်ခြံမြေကုမ္ပဏီ**
**၃၃လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ကဥ္စနာမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၉၇၇၅၂၁၈၅၉၊ ၀၉–၄၃၆၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

၁။ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၂)၊ ၈၉လမ်း(ကံ့ကော်လမ်း)၊ ၂၂လမ်းနှင့်၂၃လမ်းကြား၌ တည်ရှိသော သီရိမာလာတိုက်ခန်း၊ သရဖီဆောင်၊ တတိယထပ်၊ အခန်းအမှတ်(၈)၊ အခန်းအကျယ်အဝန်း ပေ(၂၀×၂၀)တိုက်ခန်းတစ်ခန်း၊ ရေ+မီး အစုံအလင်နှင့်တကွ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်ကို (၄-၇-၂၀၀၇)ရက်စွဲပါအရ (ဖခင်)ဦးခင်မောင်သိန်း(ခ)ဦးစအစ်အာမက်(၉/မနမ(နိုင်)၀၉၁၆၉၁)မှ ငွေအပြေအကြေပေးချေ၍ ဝယ်ယူပိုင်ဆိုင်ပြီး အနှောင့်အယှက်ကင်းရှင်းစွာ နေထိုင်လာခဲ့ပါသည်။ မွေးချင်းသား၊ သမီး (၅)ဦးရှိပြီး (၁)ဦးကျော်သန်း၊ (၂)ဦးအောင်သန်း၊ (၃)ဒေါ်ခင်မေသန်း၊ (၄)ဒေါ်ဆွေဆွေသန်း၊ (၅)ဒေါ်စိုးစိုးသန်းတို့သည် ဖခင်နှင့်အတူ နေထိုင်လျက်ရှိပါသည်။ ဖခင်ဖြစ်သူသည် အသက်(၉၀)နှစ်အရွယ် (၁၁-၈-၂၀၂၄)ရက်တွင် ကွယ်လွန်သွားသောကြောင့် သမီးအငယ်ဆုံးဖြစ်သူ ဒေါ်စိုးစိုးသန်းကို အစ်ကိုအကြီး ဦးကျော်သန်းမှ အုပ်ထိန်းခွင့်နှင့်အတူ ကျန်းမာရေးစောင့်ရှောက်လျက်ရှိပါသည်။ အပျိုကြီးဘဝဖြင့် နေထိုင်သူ ဒေါ်စိုးစိုးသန်းသည် အသက်(၅၄)နှစ်အရွယ် (၂၃-၅-၂၀၂၆)ရက်၌ ကွယ်လွန်သွားသဖြင့် သက်ရှိထင်ရှားကျန်ရှိသူ (၁)ဦးကျော်သန်း(၉/မနမ(နိုင်)၀၉၁၆၉၃)၊ (၂)ဦးအောင်သန်း(၉/မနမ(နိုင်)၀၉၁၆၉၄)၊ (၃)ဒေါ်ခင်မေသန်း(၉/မနမ(နိုင်)၀၉၁၆၉၅၊ (၄)ဒေါ်ဆွေဆွေသန်း(၉/မနမ(နိုင်)၀၉၁၆၉၆)တို့သည် အမွေစားအမွေခံအဖြစ် ကျန်ရှိသောကြောင့် အစ္စလာမ့်တရားတော်နှင့်အညီ ယောကျ်ားလေးဝေစု၊ မိန်းကလေးဝေစု (၂း၁)ပါအတိုင်း ခွဲဝေခံစားသွားရန် သဘောတူပြီး (၂-၉-၂၀၂၆)ရက်တွင် မိသားစုစီမံမှုဖြင့် အမွေခွဲဝေခဲ့ရာ အစ်ကိုအကြီး ဦးကျော်သန်းနှင့် (ဇနီး)ဒေါ်လှလှနိုင်တို့မှ ကာလတန်ဖိုးသတ်မှတ်ပြီး အမွေဝေစုကို ခွဲဝေခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ထံ၌ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ စီမံဆောင်ရွက်ထားခြင်း၊ လှူဒါန်းထားခြင်း တစ်စုံတစ်ရာမျှမရှိကြောင်းကို အမွေခံမောင်နှမ (၄)ဦးစလုံးမှ အများသိစေရန် ကြေညာအပ်ပါသည်။ ×××တိုက်ခန်းနှင့်ပတ်သက်၍ စာရွက်စာတမ်းမူရင်း (၁၉)ရွက်ကို မန္တလေးမြို့နေ ဘာသာတူသူအား ယုံကြည်စွာဖြင့် အပ်နှံထားရာ မောင်နှမများမှ ပြန်လည်တောင်းဆိုသည့်အခါ မအပ်နှံကြောင်း ငြင်းဆန်ခဲ့ပြီး မူရင်းများနှင့် ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဦးကျော်သန်းနှင့် (ဇနီး)ဒေါ်လှလှနိုင်ထံသို့ ကြေညာသည့်ရက်မှစ၍ (၃)လအတွင်း ပြန်လည်ပေးအပ်ရန် အသိပေးကြေညာအပ်ပါသည်။ မူရင်းအပ်နှံစဉ်က အပ်နှံသည့် စာရွက်စာတမ်းမိတ္တူ ၁၉ ရွက်ကို အစ်ကိုအကြီး ဦးကျော်သန်းမှ ထိန်းသိမ်းစောင့်ရှောက်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ**
**၁။ ဦးကျော်သန်း(၉/မနမ(နိုင်)၀၉၁၆၉၃)**
**၂။ (ဇနီး) ဒေါ်လှလှနိုင်(၉/မနမ(နိုင်)၀၉၃၀၄၅)**
**၃။ ဦးအောင်သန်း(၉/မနမ(နိုင်)၀၉၁၆၉၄)**
**၄။ ဒေါ်ခင်မေသန်း(၉/မနမ(နိုင်)၀၉၁၆၉၅)**
**၅။ ဒေါ်ဆွေဆွေသန်း(၉/မနမ(နိုင်)၀၉၁၆၉၆)**
**ခေတ္တ–မန္တလေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၆၂၉၂/၄–၁၂–၁၉၉၅)**
**အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့၊ ၈၄လမ်း၊**
**၃၄လမ်းနှင့်၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၉၆၆၅၄၃၃၂၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-က)၊ ဦးပိုင်အမှတ်(၅-တ) မြေကွက်အတွင်းမှ ခဲစင်းပြဧရိယာ(၀ ဒသမ ၀၁၈၃)ဧကရှိ မြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၁၉-၁၀-၂၀၂၁)ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဟန်ထွန်း (ဘ) ဦးထွန်းထွန်း(၉/အမဇ(နိုင်)၀၂၂၂၅၂)၊ ဒေါ်သွယ်သွယ်အောင် (ဘ)ဦးလွှန်းအောင်(၉/ခမစ(နိုင်)၀၁၀၉၃၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစွဲထွဋ်စိုး (LL.B) ဒေါ်ဝင်းဝင်းရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၇၀)၊ ၂၉လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၃၁၀၀၄၀၄၊ ၀၉–၆၆၀၀၁၁၄၀၄၊ ၀၉–၉၆၄၁၀၀၄၀၄၊ ၀၉–၉၇၀၈၈၂၀၅၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အရှေ့၊ အရှေ့ပဋ္ဌာရပ်ကွက်၊ အကွက်အမှတ်(၄၁၆)၊ ဦးပိုင်အမှတ် (၁-က) (မြောက်ဘက်ခြမ်း)၊ အရှေ့အနောက်(မြောက်ဘက်) (၂၉ပေ ၅လက်မ)၊ အရှေ့အနောက်(တောင်ဘက်) (၂၂ပေ ၆လက်မ)၊ တောင်မြောက် (အနောက်ဘက်) (၅၈ပေ ၁၀လက်မ)၊ တောင်မြောက်(အရှေ့ဘက်) (၅၈ပေ ၁၀လက်မ)အကျယ်အဝန်းရှိ (မြေပြင်အရှိအတိုင်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံ အပါအဝင် မြေပေါ်-မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဥပဒေနှင့်အညီ အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်လာပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများ (၁)ဦးမောင်မောင်ဦး (ဘ)ဦးအောင်မောင်း (၉/မနတ(နိုင်)၀၈၇၃၉၉)၊ (၂)ဦးထွန်းဇော် (ဘ)ဦးအောင်မောင်း(၉/မနတ(နိုင်) ၀၈၇၄၄၀) (ကွယ်လွန်သူ ဦးထွန်းဇော်၏ဇနီး ဒေါ်အေးချိုမြင့် (ဘ)ဦးအောင်ကြည်(၉/မနတ(နိုင်)၀၀၇၃၁၁)၊ (၃)ဦးလင်းအောင် (ဘ)ဦးအောင်မောင်း (၉/မဟမ(နိုင်)၀၀၁၇၈၀)၊ (၄)ဒေါ်သင်းသင်းအောင် (ဘ)ဦးအောင်မောင်း(၉/မဟမ(နိုင်)၀၁၄၂၃၇)၊ (၅)ဒေါ်ဝင်းဝင်းမော်(ခ)မသိမ့် (ဘ)ဦးအောင်မောင်း (၉/မဟမ(နိုင်)၀၁၇၉၅၀)၊ (၆)ဒေါ်စိုးစိုးစံ (ဘ)ဦးအောင်မောင်း(၉/မဟမ(နိုင်)၀၁၇၉၄၉)၊ (၇)ဦးရဲအောင်ထွေး (ဘ)ဦးအောင်မောင်း (၉/မဟမ(နိုင်)၀၂၀၇၁၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသန်းမင်းစိုး (ဘ)ဦးသန်းဝင်း**
**၅/ခဥတ(နိုင်)၀၈၂၁၃၉**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်းအိ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**၃၉လမ်း၊ ၈၉(C)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၈၁၂၄၃၀၅**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အန်နရီကေး ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

ပါရီ စက်တင်ဘာ ၅

ပီအက်စ်ဂျီအသင်းသည် အသင်းနည်းပြ အန်နရီကေးကို သုံးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပီအက်စ်ဂျီအသင်းကို ပြီးခဲ့သည့် ဘောလုံးရာသီက ပြင်သစ်လီဂူးဖလား၊ ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၅၆)နှစ်အရွယ်ရှိ နည်းပြ အန်နရီကေးသည် ပီအက်စ်ဂျီအသင်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၅ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၇၉ ပွဲတွင် ၁၁၈ ပွဲနိုင်၊ ၃၄ပွဲသရေ၊ ၂၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။



(NGB)

၀-၀-၀-၀

## ဒုတိယသမ္မတ ဦးညိုစော (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထွက်ခွာပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါလာ

ဒုတိယသမ္မတ ဦးဆောင်သည့် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဒုတိယဝန်ကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးညိုစောအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဗိုလ်လုပွဲ တက်ရောက်



နေပြည်တော် စက်တင်ဘာ ၅

မြန်မာ့ ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၈ သို့ ○

## သစ္စာအားမာန်နှင့် ဟံသာဝတီယူနိုက်တက် သရေတစ်မှတ်စီခွဲယူ

ရန်ကုန် စက်တင်ဘာ ၅

Grand Royal M League 2026-2027 အမှတ်ပေးဘောလုံးပြိုင်ပွဲ(Week-2)အဖြစ် သန်လျင်ရှိ သီဟဒီပကွင်းတွင် ပြုလုပ်သော သစ္စာအားမာန်နှင့် ဟံသာဝတီယူနိုက်တက်ပွဲမှာ နှစ်ဂိုးစီသရေရလဒ်ဖြင့် အမှတ်ခွဲယူခဲ့သည်။

ယနေ့ပွဲစဉ်တွင် သစ္စာအားမာန်အသင်း အသင်းခေါင်းဆောင် မင်းမော်ဦး၏ ဘယ်တောင်ပံမှတစ်ဆင့် ထိရောက်သည့် တိုက်စစ်ဆင်မှုများဖြင့် ဟံသာဝတီယူနိုက်တက်အား ဖိအားပေးနိုင်ခဲ့သည်။

ပွဲချိန် ၁၁ မိနစ်တွင် ဝေဖြိုးဇော်၏သွင်းဂိုးဖြင့် ဟံသာဝတီယူနိုက်တက်က ဦးဆောင်ဂိုးရရှိပြီးနောက် သစ္စာအားမာန်က ပြန်လည်ဖိအားပေးကစားကာ နိုင်ဝင်းထွန်း၊ ရှိုင်းဝဏ္ဏအောင်တို့၏ ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်သွင်းကာ ဦးဆောင်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် လူစားဝင်လာသည့် ဟံသာဝတီယူနိုက်တက်တိုက်စစ်မှူး စိုးကျော်ကျော်က ၈၅ မိနစ်၌ ပင်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။

မိနစ်ပိုင်းအတွင်းမှာပင် စိုးကျော်ကျော် အပိုင်ပိတ်သွင်းခွင့်ရသော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိ၍ သရေတစ်မှတ်သာ ရရှိခဲ့သည်။

(NGB)

၀-၀-၀-၀




## မာတင်နယ်လီ အယ်လ်ဟီလယ်အသင်းတွင် ကျောနံပါတ်(၇)ဂျာစီ ဝတ်ဆင်ကစားသွားမည်

ရီယာဒ် စက်တင်ဘာ ၅

တိုက်စစ်မှူးသစ် မာတင်နယ်လီသည် အယ်လ်ဟီလယ်အသင်းတွင် ကျောနံပါတ်(၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အာဆင်နယ်အသင်းမှ အယ်လ်ဟီလယ်အသင်းသို့ စတာလင်ပေါင် သန်း ၆၀ ဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၈ပွဲကစားပြီး ၆၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဟီလယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး မာတင်နယ်လီအနေဖြင့် ဆော်ဒီပရိုလိဂ်တွင် အယ်လ်ဟီလယ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)

နိုင်ကမ္ဘာ

၀-၀-၀-၀-၀

ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် အချပ်ပို (၄)မျက်နှာ ပါရှိပါသည်။

# မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနား မှတ်တမ်းဓာတ်ပုံများ







































































